မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့်
မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MTUF) တို့၏
ပူးတွဲကြေငြာချက်

ရက်စွဲ။ ။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်

၁။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MTUF) တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအကျိုးငှာ ယခု ပူးတွဲစာကို ထုတ်ပြန်ပါသည်။

၂။ မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်လျက် ရှိပါသည်။ ဤလုပ်ဆောင်မှုတွင် အလုပ်ရှင်၊ အလုပ်သမား နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

၃။ ထို့ကြောင့် အလုပ်ရှင် ၊ အလုပ်သမား နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MTUF) တို့သည် Social Dialogue (လူမှုတွေ့ဆုံဆွေးနွေးမှု) လုပ်ငန်းများနှင့် လုပ်ငန်းခွင်တိုးတက်ဖွံ့ဖြိုးရေးအတွက် သင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် သဘောတူကြပါသည်။

၄။ ဤသဘောတူညီချက်အရ လုပ်ငန်းခွင်ဖွံ့ဖြိုးမှုဆက်ဆံရေး (Industrial Relations) ကို အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် (Bipartite) စေ့စပ်ဆွေးနွေးရေးလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

၅။ လုပ်ငန်းခွင်ဖွံ့ဖြိုးမှု ဆက်ဆံရေး (Industrial Relations) မှ တဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်နိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားထုကြီးများမှ လက်တွဲဆောင်ရွက်နိုင်ပါက အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသည်။

-------------------------- ------------------------

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (MTUF)